## Capacity Building Training for medical social workers

## သင်တန်းများဆောင်ရွက်ခြင်း

### ၁။ နိဒါန်း

ကုသရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့်၊ အထူးကုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အဆင့်ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတို့အား လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးများ ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် Unicef (Myanmar)နှင့် ပူးပေါင်း၍ Capacity Building Training for medical social workers သင်တန်းကို (၂၉-၁၀-၂၀၁၈) ရက်နေ့တွင် ဒေါက်တာသာထွန်းကျော်၊အမြဲတမ်းအတွင်းဝန်၊ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် Unicef (Myanmar)မှ တာဝန်ရှိသူများ၊ သင်တန်းသား/ သူများ တက်ရောက်ခဲ့ကြပါသည်။

(၈) ကြိမ်မြောက် သင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားအား (၁၄-၆-၂၀၁၉) ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး ဒေါက်တာကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ) မှ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များအား ဒေါက်တာကျော်ကျော်လွင်၊ ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)မှ ပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းပွဲ အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

### ၂။ သင်တန်း၏ရည်ရွယ်ချက်

(၁) လူမှုရေးဝန်ထမ်းများသိသင့်သည့်၊ ပညာရပ်များ၊ ခံယူရမည့်စိတ်ထားများ (Social Work Ethics and Guiding Principles) နားလည်၍ လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်နှင့် ဆေးဘက်ဆိုင်ရာလူမှုရေးပြဿနာများကိုဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ (Case management System)၊ အချက်အလက်များကောက်ယူသည့် ပုံစံများ (Intake, Assessment Forms) အသုံးပြု၍ စနစ်တကျဆောင်ရွက်တတ်စေရန်။

(၂) ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတို့၏လုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြားသော လုပ်ငန်းချင်းနီးနွယ်ဆက်စပ်နေသောဌာနများ/လူမှုရေးအဖွဲ့အစည်းများသိရှိပြီးလုပ်ငန်းများ ကို စနစ်တကျဖြင့် ပိုမိုတိုးတက်ပူးပေါင်း ဆက်သွယ်ဆောင်ရွက်တတ် စေရန်တို့ဖြစ်ပါသည်။

**၃။ သင်တန်းအမည်နှင့် သင်တန်းကာလ**

"ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း" (Capacity Building Training for medical social workers) သင်တန်းဖြစ်ပါသည်။ သင်တန်းကာလမှာ (၅) ရက် ဖြစ်ပါသည်။

**၄။ သင်တန်းသားများ၏ ရာထူးအဆင့်နှင့် သင်တန်းသားဦးရေ**

ဗဟိုအဆင့်၊ အထူးကုအဆင့်၊ အထွေထွေရောဂါကုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် ဆေးရုံများနှင့်ခရိုင်အဆင့်ဆေးရုံများတွင် ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး(ဆေးလူမှု)များ၊ ဆေးလူမှုဆက်ဆံရေး အရာရှိများနှင့် ဆေးလူမှုဆက်ဆံရေးမှူးများအပါအဝင် စုစုပေါင်း (၂၉၀)ဦးတို့ကို သင်တန်းသား/ သင်တန်းသူအဖြစ် ရွေးချယ်သတ်မှတ်၍ သင်တန်းတက်ရောက်စေခဲ့ရာ (၁၀)ဦးမှာ ကျန်းမာရေးနှင့် အခြားကိစ္စဖြင့် သင်တန်းမတက်ရောက်နိုင်ခဲ့ပါ။ သင်တန်းတက်ရောက်ခဲ့သူ(၂၈၀)ဦး၏စာရင်းနှင့် မတက်ရောက်နိုင်ခဲ့သူ(၁၀)ဦးတို့၏ စာရင်း များကို **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြထားပါသည်။

**၅။ သင်ကြားပို့ချပေးသော နည်းပြများနှင့် ရာထူး၊ ဌာန**

Capacity Building Training for medical social workers သင်တန်းတွင် (Social Works) သီအိုရီများသင်ကြားပေးပြီးနောက် Group Discussionများ ပြုလုပ်ပေးခြင်း၊ Individual Presentations, Group Presentations, Role play များပြုလုပ်၍ လက်တွေ့ဆောင်ရွက်တတ် စေရန် သင်ကြားပေးခဲ့ကြပါသည်။

သင်တန်းနည်းပြများမှာ –

| စဉ် | အမည်/ရာထူး | ဌာန |
|---|---|---|
| ၁။ | ပါမောက္ခဒေါက်တာဆန်းလင်း၊<br>ပါမောက္ခ(စိတ်ကျန်းမာ) | နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ခုတင်(၁၀၀၀) |

| စဉ် | အမည်/ရာထူး | ဌာန |
|---|---|---|
| ၂။ | ဒေါ်ရူပါမြ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်းဦးစီးဌာန |
| ၃။ | ဒေါက်တာ ဖြူဖြူအေး<br>ညွှန်ကြားရေးမှူး | ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ |
| ၄။ | ဒေါက်တာခိုင်နွယ်တင်<br>ဒုတိယညွှန်ကြားရေးမှူး | မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ |
| ၅။ | ဒေါက်တာရွှယ်နုနုခင်<br>ဒုတိယညွှန်ကြားရေးမှူး | ကုသမှုအထောက်အကူပြုဌာနခွဲ |
| ၆။ | ဒေါ်နုဆုန်<br>Child Protection Officer | Unicef (Myanmar) |
| ၇။ | ဒေါ်နန်းခင်မာလေး<br>ဒုတိယညွှန်ကြားရေးမှူး(ဆေးလူမှု) | ကုသမှုအထောက်အကူပြုဌာန |
| ၈။ | ဒေါက်တာထက်လင်းအောင်<br>လက်ထောက်ဆရာဝန် | ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဌာန |
| ၉။ | ဒေါ်မြသီတာ<br>လက်ထောက်ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်းဦးစီးဌာန |
| ၁၀။ | ဒေါ်လေးလေးမြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်းဦးစီးဌာန |

သင်ခန်းစာများမှာ –

(၁) UNCRC& Child Protection

(၂) Social Works

(၃) Ethics and Guiding Principles

(၄) Skills in Case Management System

(၅) CP System in Myanmar

(၆) Intake and Consent Forms

(၇) Mental Case Assessment

(၈) GBV Guidelines မှ Teach Back Method

(၉) Medical Social Workers in Hospital Setting နှင့်

(၁၀) ဆေးလူမှုလချုပ်အစီရင်ခံစာများနှင့်ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်ချက်များစသည့် ဘာသာရပ်များအား စာတွေ့/ လက်တွေ့/ Power Point Presentations, Group Works များဖြင့် သင်ကြားပေးခဲ့ကြပါသည်။(သင်တန်းအချိန်ဇယားအား **နောက်ဆက်တွဲ(ခ)**ဖြင့်ဖော်ပြထားပါသည်။)

**၆။ သင်တန်းသားများထံမှ အကြံပြုချက်**

သင်တန်းတက်ရောက်လာသော သင်တန်းသား/ သူများထံမှ အကြံပြုချက်များအရ သင်တန်းသည် ၎င်းတို့မျှော်မှန်းထားသည့် အသိပညာဗဟုသုတများရရှိကြောင်းနှင့် သင်ကြားသည့် ဘာသာရပ်များအတွက် ယခုသင်တန်းကာလသည် အချိန်ကာလတိုတောင်းကြောင်း အကြံပြုကြပါသည်။

**၇။** သင်တန်းမှရရှိလာသော အကျိုးကျေးဇူးများမှာ–

(က) ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတစ်ဦးအနေဖြင့် တတ်သင့်/ သိထားသင့်သော လူမှုရေးပညာရပ်ဆိုင်ရာ သီအိုရီများ၊ လူမှုဝန်ထမ်းကျင့်ဝတ်များ ပိုမိုတတ်သိနားလည်လာခြင်း။

(ခ) လူနာများ၏ နာမကျန်းဖြစ်မှုနှင့် ယှဉ်တွဲပေါ်ပေါက်နေသော ဆေးဘက်ဆိုင်ရာ လူမှုရေးပြဿနာများကို တိတိကျကျ Identify ပြုလုပ်နိုင်သည့်အရည်အသွေးများ တိုးတက်လာစေခြင်း။

(ဂ) ဆေးဘက်ဆိုင်ရာလူမှုရေးပြဿနာဖြေရှင်းရာတွင်ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်တတ်လာခြင်းတို့ ရရှိစေခြင်းအပြင် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေသည် သာမကလူနာတို့၏ အခက်အခဲပြဿနာများကို ကူညီပေးရာတွင် အခြားသောဌာန/အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်လာသည့် အရည်အသွေးများ ပိုမိုတိုးတက်လာပြီး ဆေးရုံလုပ်ငန်းအရည်အသွေးများ ဘက်စုံတိုးတက်စေရေးအတွက် ပိုမို အထောက်အကူဖြစ်စေနိုင်ပါသည်။

ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်